## ၂၀၀၅ခုနှစ် နိုင်ငံတကာ ကိုးကွယ်ယုံကြည်မှု လွတ်လပ်ခွင့်အစီရင်ခံစာအပေါ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လူမျိုးပေါင်းစုံတို့သည် ရှေးနှစ်ပေါင်းများစွာမှစ၍ နေရာအနှံ့တွင် ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ် မေတ္တာဖက်၍ နေထိုင်လာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ဘာသာရေး ကိုးကွယ်ယုံကြည်မှု လွတ်လပ်ခွင့်သည် မြန်မာမင်းများလက်ထက်မှစ၍ ယနေ့တိုင် ရှိပါသည်။ မြန်မာနိုင်ငံ၌ ကိုးကွယ်ယုံကြည်မှု၊ လွတ်လပ်ခွင့်အား တားဆီးပိတ်ပင်မှု လုံးဝမရှိပါကြောင်း မြန်မာနိုင်ငံသူ/ နိုင်ငံသားများ အားလုံး အလေးအနက် သိရှိပြီးဖြစ်ပါသည်။

၂။ အမေရိကန်အစိုးရသည် ၂၀၀၅ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် ၂၀၀၅ခုနှစ်၊ နိုင်ငံတကာ ကိုးကွယ်ယုံကြည်မှု လွတ်လပ်ခွင့် အစီရင်ခံစာကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ အစီရင်ခံစာတွင် မြန်မာအစိုးရသည် လွတ်လပ်စွာကိုးကွယ်ယုံကြည်မှု ချိုးဖောက်သော ဆောင်ရွက်ချက်များကို ဆက်လက် ကျူးလွန်သည်ဟု စွပ်စွဲရေးသားချက်များမှာ လုံးဝမှားယွင်းလျက် ရှိနေကြောင်း တွေ့ရှိရပါသည်။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မြန်မာတိုင်းရင်းသားများသည် ရှေးနှစ်ပေါင်း များစွာမှစ၍ စည်းလုံးညီညွတ်မေတ္တာဖက်၍ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့သည်။ မြန်မာတိုင်း အခြေခံစိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုမှာ တစ်ဦးအပေါ်တစ်ဦး မေတ္တာ၊ ကရုဏာ ရှေ့ထားခြင်း ဖြစ်သည်။ ဘာသာရေးအယူသီးခြင်း၊ ဘာသာရေးခွဲခြားခြင်း လုံးဝကင်းပါသည်။

၄။ ရှေးမြန်မာမင်းများ လက်ထက်မှစ၍ နိုင်ငံတော်အစိုးရအစဉ်အဆက် နိုင်ငံတော်အစိုးရသည် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူတည်းဟူသော ဘာသာကြီးလေးရပ်အပေါ်တွင် ကန့်သတ်ချုပ်ချယ် မှု မရှိဘဲ တရားမျှတစွာ စီမံအုပ်ချုပ်လျက် ရှိပါသည်။ ဗုဒ္ဓဘာသာဝင်များအား ဘာသာရေးဓလေ့ထုံးစံများကို လွတ်လပ်စွာ ကျင်းပခွင့်ပေးသကဲ့သို့ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာဝင်များကိုလည်း ယင်းအတိုင်း ဘာသာရေး ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ဘာသာရေးလွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားပြီးဖြစ်ပါသည်။ အထူးသဖြင့် ရန်ကုန်မြို့လယ်တွင် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်သော ဆူးလေစေတီတော်ရှိသကဲ့သို့ အစ္စလာမ် ဘာသာဝင်များ ဝတ်ပြုသော ဘင်္ဂါလီဗလီ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ဟိန္ဒူဘုရားရှိခိုးကျောင်းများ နီးကပ်စွာ တည်ထား ကိုးကွယ်ခွင့်ပြုထားပါသည်။ ထို့ကြောင့် မြန်မာအစိုးရသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပြု ထားကြောင်း ထင်ရှားပါသည်။ မြန်မာနိုင်ငံတွင် မည်သည့်ခေတ်၊ မည်သည့်ကာလတွင်မဆို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှု အပြည့်အဝရရှိကြောင်းနှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုကို တားဆီးပိတ်ပင်ခြင်း လုံးဝမရှိပါကြောင်း တင်ပြပါသည်။

၅။ မြန်မာအစိုးရသည် ဘာသာရေးအဖွဲ့အစည်းများ၏ စုဝေးမှု၊ လှုပ်ရှားမှုများကို ထောက်လှမ်းခြင်း၊ စောင့်ကြပ်ခြင်း၊ ထိန်းချုပ်ခြင်း စသော စွပ်စွဲမှုများမှာလည်း လုံးဝမမှန်ကန်ကြောင်း သိရှိရပါသည်။ အထောက်အထားအားဖြင့်သော် အစ္စလာမ်ဘာသာဝင်များ နေထိုင်လျက်ရှိသော မြို့တိုင်း၊ ရွာတိုင်း၌ ဗလီဝတ်ကျောင်းများရှိခြင်း၊ ဗလီဝတ်ကျောင်းများတွင် အစ္စလာန်ဘာသာဝင်များ အေးချမ်းစွာ စုပေါင်းဝတ်ပြုခြင်းကို နေ့စဉ်ဆောင်ရွက်နေခြင်းတို့ဖြစ်ပေသည်။ ဗလီဝတ်ကျောင်း၌ ဝတ်ပြုနေသူတို့အား ထောက်လှမ်း၊ စောင့်ကြည့်၊ ထိန်းချုပ်ခြင်း စသည်တို့ကို မည်သည့်အခါမှ မပြုလုပ်ပါကြောင်း တင်ပြပါသည်။ ထိုနည်းတူ ခရစ်ယာန်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များစွာတို့သည် မိမိတို့နှင့်သက်ဆိုင်ရာ ဘုရားကျောင်း၌ အေးချမ်းလွတ်လပ်စွာဖြင့် ဝတ်ပြုဆုတောင်းခြင်းကို ဆောင်ရွက်နေကြပါကြောင်း မျက်မြင်အရ သိရှိနိုင်ပါသည်။

၆။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့အဆင့်ဆင့်တို့၏ ဖွဲ့စည်းပုံတွင် ပါဝင်ကြသည့် အဖွဲ့ဝင်များသည် လူမျိုးမရွေး၊ ဘာသာမရွေး ပါဝင်ကြသည်သာမက ဖွဲ့စည်းပုံအရ အဆင့်မြင့်တာဝန်ယူနေရသူများမှာလည်း လူမျိုးမရွေး၊ ဘာသာမရွေး မိမိကျွမ်းကျင်ရာကဏ္ဍအလိုက် တာဝန်ပေးအပ်လျက် ရှိပါသည်။

၇။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့အနေဖြင့် လှူဒါန်းမှုအစုစုပြုလုပ်ရာ၌လည်း ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ မွတ်ဆလင်၊ ခရစ်ယာန် စသည်ဖြင့် ဘာသာရေး ခွဲခြားမှုမပြုဘဲ အချိန်အခါသင့်တိုင်း လှူဒါန်းမှုပြုလုပ်လျက်ရှိပါသည်။

၈။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည့်ကဏ္ဍအသီးသီးတို့နှင့်စပ်လျဉ်း၍ ဥပမာ- ပညာသင်စရိတ်များ ထောက်ပံ့ခြင်း၊ ကျန်းမာရေးအစောင့်အရှောက်များပေးခြင်း၊ အသေးစားချေးငွေများ ထောက်ပံ့ခြင်းများစသည့် လုပ်ငန်းကဏ္ဍအသီးသီးတို့တွင်လည်း လူမျိုးဘာသာမရွေး ကူညီထောက်ပံ့ပေးလျက် ရှိပါသည်။

၉။ အထက်ဖော်ပြပါ သာဓကများကို ထောက်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ကိုးကွယ်ယုံကြည်မှုလွတ်လပ်ခွင့်မရှိဆိုသည့် စွပ်စွဲချက်ပါ အစီရင်ခံစာမှာ လုံးဝမှားယွင်းကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
၂၀၀၅ခုနှစ်၊ နိုဝင်ဘာလ (၂၄)ရက်
ရန်ကုန်မြို့